
အင်မော်တယ်ကမ္ဘာမှအပြန်
(ထန်ရှု)
အခန်း - ၃
Translated by
Charm Ming Nge

# အခန်း-၂၉

# နေ့ချင်းညချင်း ပြောင်းလဲသွားသည့် ခံစားမှုများ

ဟူကျူရှင်းသည် ထန်ရှူ၏ သရော်တော်တော် စကားများအား ကြားရသည့် အခါ ခုန်ထွက်ပြီး အော်ငေါက်ပစ်ရန် မူလက ရည်ရွယ်ခဲ့သည် ။ သို့သော် ဝေ့ကျန်တိုက် ထွက်လာသည့် အတွက် ဟူကျူရှင်းသည် မည်သို့မျှ မတတ်နိုင်တော့ဘဲ သူ၏ ဒေါသများအား မျိုသိပ်ကာ အခြားတစ်ဖက်တွင် မတ်တတ်ရပ်လျက် ဒေါသဖြင့် ကြည့်နေသည် ။

ထန်ရှူသည် အလွန်အကျွံ မလုပ်မိစေရန် သူ၏ ဒေါသများအား ရင်ထဲတွင် သိမ်းဆည်းထားလျက် စာမေးပွဲ မေးခွန်းများ ဖြေဆိုရန် စတင်လိုက်သည် ။ ဆရာအယောက် ၃ဂကျော်မှ ဝန်းရံကာ စောင့်ကြည့်  နေကြသော်လည်း ထန်ရှူသည် မည်သို့မျှ စိတ်လက် မသက်မသာ မဖြစ်ဘဲ တိမ်တိုက်များ နှင့် ရေများ အကြားတွင် စီးဆင်း နေသကဲ့သို့ တည်ငြိမ်အေးဆေးစွာဖြင့် တစ်ရွက်ပြီးတစ်ရွက် ဖြေဆိုနေပေသည် ။ တစ်ခု သိထားရမည်မှာ ထန်ရှူသည် အင်မော်တယ် လောကတွင် ဆေးဝါးဖော်စပ်ခြင်း သင်ခန်းစာများ ပို့ချခဲ့စဉ် အခါက ထောင်ပေါင်းများ စွာသော မျက်ဝန်းအစုံတို့ ၏ အာရုံစူးစိုက်စွာ ကြည့်ခြင်းကို ခံရဖူးသောကြောင့် သူသည် လျစ်လျူရှုကာ ဘာမှ မမြင်သကဲ့သို့ပင် နေနိုင်ပေသည် ။ ထန်ရှူသည် ရုံးခန်းထဲရှိ ဆရာအယောက်၃ဂအား လျစ်လျူရှု ထားနိုင်သော်လည်း ဆရာများကမူ ထန်ရှူအား လျစ်လျူမရှုနိုင်ပေ။

ထန်ရှုသည် စဉ်းစားခြင်းပင် မရှိဘဲ စက္ကန့်အနည်းငယ် အတွင်းနှင့်ပင် မေးခွန်းများအား ဖြေဆိုနေသည် ကို တွေ့ရသော ဆရာအများ စုသည် မျက်ခုံးများ ပင့်လျက် တစ်ယောက်ကိုတစ်ယောက် စိတ်ပျက်လက်ပျက် ကြည့်မိကုန်ကြသည် ။

"ဟမ့် ... မင်းက ဘယ်လို ဟန်ဆောင်ရမလဲ ဆိုတာ တကယ် သိတာပဲ။ ဒီဘာသာတွေကို သင်နေတဲ့ ဆရာတွေ တောင်မှ အခုမေးခွန်းတွေက ဖြေဖို့ မလွယ်မှန်း သိကြတယ်။ မင်းက ဒါကို အမြန်ဖြေနိုင်တယ်ဆိုတော့ ဒါဟာ အဓိပ္ပာယ်မရှိဘူး မဟုတ်လား" ထန်ရှု၏ လှုပ်ရှားမှုကို ကြည့်ပြီး ဟူကျူရှင်းသည် မလှောင်ပြောင်ဘဲ မနေနိုင်တော့ချေ။

"ဆရာဟူ ... ကျောင်းသားထန်ရှု စာမေးပွဲဖြေနေတဲ့ အချိန်မှာ အနှောင့်အယှက် မပေးပါနဲ့ ။ အဲ့လိုမှ မဟုတ်ရင် ကျွန်မတို့ ရှင့်ကို အခန်းအပြင်ထွက်ဖို့ ပြောရလိမ့်မယ်" ဟူကျူရှင်း၏ စကားဆုံးခါနီးတွင် ဟန်ကျင်းဝူသည် စိတ်မရှည်စွာဖြင့် ဒေါသတကြီး သတိပေးလိုက်သည် ။

ဟန်ကျင်းဝူ၏ ဒေါသကို မြင်ရသည့် အခြားဆရာများ သည် လည်း ဟူကျူရှင်းနှင့် ခံစားချက် တူညီစွာဖြင့် ပြောမိတော့မည့် စကားများအား ပြန်လည် မျိုချလိုက်ကြပြီး ထန်ရှု ဖြေဆိုနေသည် ကို တိတ်ဆိတ်စွာဖြင့် ကြည့်ရုံသာ တတ်နိုင်တော့သည် ။

ဟန်ကျင်းဝူ၏ စကားသည် ဟူကျူရှင်းအား ဒေါသတကြီး ဖြစ်သွားစေသည် ။ အခြားဆရာများ သာ ယခုကဲ့သို့ ပြောဆိုပါက ဟူကျူရှင်းသည် ရူးသွပ်စွာပင် တုံ့ပြန်မိပေလိမ့်မည်။ ယခုမူ သူ ရင်ဆိုင်နေရသည် မှာ ဟန်ကျင်းဝူ ဖြစ်နေသောကြောင့် ငြိမ်သက်ပေးနေရုံမှ တစ်ပါး မတတ်နိုင်ပါချေ။

စာသင်နေသည့် ကာလတစ်လျှောက်လုံးတွင် ဟန်ကျင်းဝူ၏ အကျ

င့်စရိုက်အား ဟူကျူရှင်း သတိထားမိသည် ။ ဆရာမဟာန်သည် ထိုကဲ့သို့ အော်ဟစ်ဆူပူတတ်သည့် သဘာဝမျိုးမရှိဘဲ ဣန္ဒြေသိက္ခာရှိပြီး ကြင်နာတတ်သောသူ ဖြစ်သည့် အပြင် သမာသမတ်ကျသူ တစ်ယောက်လည်းဖြစ်သောကြောင့် ဟူကျူရှင်းသည် ဟန်ကျင်းဝူအား ကလန်ကဆန် သိပ်မလုပ်ဝံ့ပါချေ။ ထို့ကြောင့် ဟန်ကျင်းဝူ၏ ဒေါသအား မြင်တွေ့ရသောအခါ သူ၏ စကားအား ရပ်လိုက်ပြီး ထန်ရှူနှင့် ဟန်ကျင်းဝူတို့ ဟာသ အလုပ်ခံရမည်ကို စောင့်နေပေသည် ။

မိနစ်၂၀ကြာသောအခါ သင်္ချာ မေးခွန်းလွှာအား ထန်ရှူ ဖြေဆိုပြီးသွားခဲ့သည် ။ လပတ်စာမေးပွဲတွင် ထန်ရှူ၏ စာမေးပွဲဖြေနှုန်းသည် အလွန်မြန်သည် ဟု သူတို့ သိထားကြသော်လည်း အလွန်ခက်ခဲသည့် သင်္ချာမေးခွန်းအား ဖြေဆိုရန် ထန်ရှူသည် နာရီဝက်သာ အသုံးပြုသည်ကို မြင်ရသောအခါ တတိယနှစ်ဆရာများ သည် ထန်ရှူ၏ အမြန်နှုန်းအား တုန်လှုပ်သွားကြရသည် ။

ထန်ရှူသည် သင်္ချာ အဖြေလွှာအား ဘေးတစ်ဖက်သို့ ချထားလိုက်သည် နှင့် ဟူကျူရှင်းသည် ချက်ချင်း ကောက်ယူလိုက်သည် ။ ထို့နောက် သူ ရှည်ကြာစွာ ပြင်ဆင်ထားခဲ့သော သရော်လှောင်ပြောင်မည့် စကားများအား အဆင်သင့် ပြောနိုင်စေရန် အတွက် ပါးစပ် ပြင်ထားလိုက်သည် ။

ပထမမေးခွန်းများ ဖြစ်သည့် ပေးထားသည့် အထဲမှ နှစ်သက်ရာ ရွေးချယ်ဖြေဆိုရသော မေးခွန်းများအား ကြည့်မိသောအခါ ဟူကျူရှင်း၏ လည်ပင်းတွင် ငါးအရိုးစူးသကဲ့သို့ ခံစားလိုက်ရပြီး သည်းမခံနိုင်လောက်သော နာကျင်မှုကြောင့် မျက်နှာပင် နီရဲလာခဲ့သည် ။

သူသည် အဖြေလွှာ စာရွက်အား မယူလိုက်မီက သင်္ချာမေးခွန်းထဲရှိ

အဆိုပါ ရွေးချယ်မှု မေးခွန်းများအား ဖြေဆိုထားကြည့်ပြီး အဆိုပါ မေးခွန်းများမှာ အလွန်ခက်ခဲကာ လှည့်ကွက်များ စွာ ပါရှိသည် ကို သူ သိခဲ့သည် ။ အနည်းငယ် ဂရုမစိုက် မိပါက၊ အခြေခံမပိုင်ပါက အမှားလု ပ်မိရန် အလွန်ဖြစ်နိုင်ပေသည် ။ ထို့ကြောင့် ဟူကျူရှင်းသည် သည် မေးခွန်းများအား ထန်ရှု ဖြေဆိုသည် မှာ လုံးဝမှားလိမ့်မည်ဟု ထင်ထား ခဲ့သည် ။ သို့ပါသော်လည်း ထန်ရှုသည် အံ့သြရသည့် အထိ မေးခွန်းများ အား အကုန်လုံး ဖြေဆိုထားခဲ့သည် ။ ပြန်တွေးကြည့်မည် ဆိုပါက ဟူ ကျူရှင်းသည် ထိုမေးခွန်းများအား ဖြေဆိုရန်အတွက် ၅မိနစ် အချိန်ယူခဲ့ ရပြီး အဖြေမမှားအောင် သေချာ ဂရုစိုက်ခဲ့ရသည် ။ ထို့အတွက် ထန်ရှု သည် စက္ကန့်ပိုင်းမျှနှင့် အားလုံးမှန်အောင် ဖြေဆိုနိုင်ခဲ့ခြင်း အပေါ် ယုံကြ ည်ရန်အတွက် ဟူကျူရှင်း၏ နှလုံးသားမှာ ငြင်းဆန်နေခဲ့သည် ။

စတုတ္ထမေးခွန်း ... မှန်သည် ။

ပဥ္စမမေးခွန်း ... မှန်သည် ။

နောက်ဆုံးမေးခွန်းအား ဖတ်ပြီး အဖြေအားလုံးသည် သတ်မှတ် ထားသော စံချိန်မီ အဖြေများ နှင့် တစ်ထပ်တည်း တူညီနေသည် ကို တွေ့လိုက်ရသေ ဟူကျူရှင်းသည် မိုးကြိုးအပစ်ခံရသူ သကဲ့သို့ မျက်နှာ သည် လုံးဝကို ဖြူဖျော့ သွားလေတော့သည် ။

ဝေ့ကျန်တိုက်သည် ဟူကျူရှင်းအား အကြိမ်ပေါင်းများ စွာ ခေါ်နေပါ သော်လည်း မည်သည့် တုံ့ပြန်မှုမှ မရရှိသောကြောင့် ပဟေဠိ ဖြစ်ခဲ့ရပြီး သူ၏ လက်ထဲမှ အဖြေလွှာများ ယူဆောင်သွားခဲ့သည် ။ ဝေ့ကျန်တိုက် သည် ကျောင်းအုပ်ကြီး ဖြစ်သော်လည်း စီမံ အုပ်ချုပ်ရေးပိုင်းတွင် တာဝ န်ယူခဲ့သည် ကြာပြီ ဖြစ်သောကြောင့် ဟူကျူရှင်းကဲ့သို့ စာရွက်ကြည့်ရုံမျှ ဖြင့် မှန်သည် ၊ မှားသည် ဟု မသိနိုင်ပေ။ သို့သော် သူ၏ လက်ထဲတွင်

သတ်မှတ်ထားသော စံချိန်မီ အဖြေများအား ကိုင်ဆောင်ထားပြီး ထန်ရှု၏ အဖြေလွှာများအား အစမှ အဆုံးသည့် တိုင်အောင် ၁၀မိနစ်ကျော်ကြာ ဂရုတစိုက် သေချာစွာ စစ်ဆေးခဲ့သည် ။ နောက်ဆုံးတွင် တော့ အဖြေများကို ဖတ်ပြီးနောက် ဟူကျူရှင်း ကျောက်ရုပ်သဖွယ် ဘာကြောင့် ဖြစ်ခဲ့ရသည် ကို သူ နားလည်ခဲ့ရပေသည် ။ သည် အချိန်တွင် မတော့ဝေ့ကျန်တိုက်၏ ရင်ထဲတွင် ကျေနပ် နှစ်သိမ့်တို့ ခြင်းနှင့် အတူ ရှက်ခြင်း ၊ အပြစ်ရှိသည် ဟု ခံစားရခြင်း စသည့် ခံစားချက်တို့ ရောပြွမ်းနေပြီး ပူလောင် ဆူပွက် နေသကဲ့သို့ ဖြစ်သည် ။

"ထန်ရှုရဲ့ သင်္ချာအဖြေတွေက  အကုန်မှန်တယ်။ သည် မေးခွန်းလွှာအတွက် သူ အမှတ်ပြည့်ရတယ်" တတိယနှစ် ဆရာများ ၏ စူးစမ်းသောအကြည့်တို့ အား ဝေ့ကျန်တိုက်သည် ခပ်တိုးတိုးပြောကာ အဖြေပေးလိုက်သည် ။ ထိုစကားအား ပြောပြီးလျှင် ပြောပြီးချင်း ဝေ့ကျန်တိုက်သည် အားနည်းကာ အိုစာသွားသကဲ့သို့ ခံစားလိုက်ရပြီး အဖြေလွှာအား သူ့ဘေးနားမှ ဆရာအား လှမ်းပေးလိုက်သည် ။

ဝေ့ကျန်တိုက် သူ၏ သင်္ချာ အဖြေလွှာအား စစ်ပြီးကာနီး အချိန်တွင် ထန်ရှုသည် အသုံးချသိပ္ပံ စာမေးပွဲအား ဖြေဆိုမှု ပြီးခဲ့သည် ။ ဆရာများအားလုံးသည် ပထမဆုံး စစ်ရသော ဆရာ ဖြစ်ချင်သောကြောင့် အလုအယက် ဖြစ်နေကြသည် ။ သင်္ချာစာမေးပွဲတွင် အမှတ်ပြည့် ရသွားသောကြောင့် ရုံးခန်းထဲရှိ လူတိုင်းသည် ထန်ရှု၏ အသုံးချသိပ္ပံ စာမေးပွဲအား မျှော်လင့်ချက် အပြည့်ဖြင့် ကြည့်နေခဲ့ကြသည် ။

အချိန်တိုအတွင်းတွင် ထန်ရှု၏ အသုံးချသိပ္ပံ စာမေးပွဲအဖြေလွှာစာရွက်အား အကုန်စစ်ပြီး သွားခဲ့ရာ အဖြေအားလုံး မှန်ကန်နေသောကြောင့် အမှတ်ပြည့် ထပ်ရခဲ့ပြန်သည် ။

ထို့နောက် အင်္ဂလိပ်ဘာသာ စာမေးပွဲ။

စာပေနှင့် ဘာသာစကား စာမေးပွဲ။

မလိုအပ်သဖြင့် မဖြေခိုင်းသော နားထောင်မှု စွမ်းရည်နှင့် စာစီစာကုံးမှ လွဲ၍ ကျန်အားလုံးအား သူသည် ၁နာရီနှင့် ၁၀မိနစ်ဖြင့် အကုန်ဖြေဆိုကာ အမှတ်ပြည့်ရခဲ့ခြင်း ဖြစ်သည် ။ ထိုအချိန်ပိုင်းလေးသည် အခြားကျောင်းသားများ အတွက် ဆိုပါက စာမေးပွဲ ဖြေဆိုရန် မည်သို့မျှ မလောက်နိုင်ပေ။

တိတ်ဆိတ် ...

တိတ်ဆိတ်ငြိမ်သက် ...

အရာအားလုံးသည် အသက်မရှိတော့သည့် အလား တိတ်ဆိတ်ငြိမ်သက် ...

ထန်ရှု၏ အဖြေလွှာ အားလုံးအား စစ်ဆေးပြီးသည့် နောက် တတိယနှစ် ဆရာများအားလုံး တိတ်ဆိတ်ငြိမ်သက် သွားကြသည် ။ ထိုဆရာများ အားလုံး မလှုပ်မယှက် တစ်စုံတစ်ခုကို တွေးနေသည့် ပမာ ဖြစ်နေချိန်တွင် ဟူကျူးရှင်းသည် ဆယ်စုနှစ်များ အိုစာသွားဟန် ရှိသည် ။ သူ၏မျက်နှာတွင် လှောင်ပြောင် သရော်သည့် ဟန်များ ပျောက်ကွယ်နေခဲ့ပြီး ထိုအစား စိတ်ဓာတ်ကျခြင်းနှင့် အံ့အားသင့်ခြင်းတို့ က နေရာယူထားကြသည် ။

တစ်ဦးတည်းသော စိတ်လှုပ်ရှားသူမှာ ဆရာမ ဟန်ကျင်းဝူသာ ဖြစ်ပေတော့သည် ။ ထန်ရှု၏ စာမေးပွဲရလဒ်များ မထွက်ခင် သူမသည် ထန်ရှုကိုသာ ယုံကြည်ရန် ရွေးချယ်ထားပြီး ဖြစ်သော်လည်း သူမရင်ထဲတွင် စိုးရိမ်ပူပန်များက စိုးမိုးနေခဲ့သည် ။ ထန်ရှု စာမေးပွဲ ဖြေသည် ကို စောင့်

ကြည့်နေစဉ် ကာလမှာ ပင်  သူမသည် အသက်ပြင်းပြင်းပင် မရှူခဲ့ရဲဘဲ ရင်တထိတ်ထိတ် ဖြစ်နေဆဲပင် ရှိသေးသည် ။

ယခု ထန်ရှုသည် သူမ၏ မျှော်လင့်ချက်များ အတိုင်း နေပေးရုံ သာမကဘဲ ထို့ထက်မက ကျော်လွန်အောင် ဖြေပြနိုင်ခဲ့သဖြင့် သူမ၏ ရင်ထဲတွင် စိတ်လှုပ်ရှားမှု သာမက ကျေနပ် နှစ်သက်မှုပါ ဖြစ်ပေါ်စေခဲ့သည် ။

"ကျောင်းအုပ်ကြီးဝေ့ ... ထန်ရှုရဲ့ ဒီတစ်ခေါက် စာမေးပွဲရလဒ်က ခိုးချတာလို့ မဖြစ်သင့်တော့ဘူး မဟုတ်လား"

ထန်ရှု၏ အဖြေလွှာများအား စစ်ဆေးပြီး အရာအားလုံး တိတ်ဆိတ်ငြိမ်သက်နေစဉ်တွင် ဆရာမဟန်သည် စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည် ။

"ဒီစာမေးပွဲ အတွက် မင်းက အားထုတ်ခဲ့တဲ့ သူ တစ်ယောက်ပဲ။ ငါ့ရုံးခန်းကို လာပြီး ယာယီစာမေးပွဲ စစ်ဖို့ အထိတောင် ဖြစ်လာခဲ့တာ။ ထန်ရှုက ဘယ်လိုခိုးချတာ ဖြစ်နိုင်ပါ့မလဲ ငါ့ရှေ့မှာ တင် စာမေးပွဲစာရွက်ဖွင့်တာဆိုတော့" ဝေ့ကျန်တိုက်သည် ထန်ရှု၏ စာမေးပွဲရလဒ်အား အတည်ပြုလိုက်ပြီ ဖြစ်သောကြောင့် သူ၏ အသံသည် ရုံးခန်းထဲတွင် မြည်ခဲ့သော ခေါင်းလောင်းသံကဲ့သို့ ဟိန်းထွက်လာသည် ။

"အဲ့ဒါဆို ထန်ရှုရဲ့ လပတ်စာမေးပွဲ ရလဒ်ကရော မှန်ကန်စိတ်ချရတာ ဖြစ်သင့်လား" ဟန်ကျင်းဝူသည် ပူပူနွေးနွေး ပြဿနာအတွက် ဆက်လက် မေးမြန်းလိုက်သည် ။

"ထန်ရှု အခုဖြေခဲ့တဲ့ မေးခွန်းတွေက လပတ်စာမေးပွဲ မေးခွန်းတွေထက် ၂ဆင့် ပိုခက်တယ်။ ဒီစာမေးပွဲမှာ ထန်ရှု အမှတ်ပြည့် ရကတည်းက သူရဲ့ လပတ်စာမေးပွဲ ရမှတ် ၇၁၂မှတ်က အံ့ဩစရာ မဖြစ်တော့ပါဘူး" ဝေ့ကျန်တိုက်သည် ဟန်ကျင်းဝူ၏ စိုးရိမ်ပူပန်မှုအား သိမြင်သော

ကြောင့် ခေါင်းကိုညိတ်ကာ ပြုံးပြ လိုက်လေသည် ။

"ဒီလိုသာဆိုရင် ဆရာဟူနဲ့ ဆရာမဟန် လောင်းထားတာ ဆရာဟူ ရှုံးပြီပေါ့။ ပြီးတော့ ကျွန်တော်သာ လပတ် စာမေးပွဲမှာ ခိုးမချဘူးဆိုရင် ချက်ချင်း အလုပ်ထွက်မယ် ဆိုပြီး ဆရာဟူက ပြောခဲ့သေးတယ်။ အဲ့ဒါ တွေက တကယ် ဖြစ်လာမလားတော့ ကျွန်တော် သေချာမသိဘူး" ဝေ့ ကျန်တိုက်သည် ထန်ရှုအား တည်ငြိမ်သည့် အားထုတ်မှုအား ဆက်လက်ပြုလုပ်ဖို့ အားပေးရန်နှင့် ချီးကျူး စကားဆိုရန် အတွက် စ ကားအနည်းငယ် ပြင်နေစဉ်မှာ ပင် ထန်ရှု၏ ပြတ်သားကြည်လင်သော အသံသည် ရုံးခန်းထဲတွင် ရုတ်တရက် ထွက်ပေါ် လာလေသည် ။

ထန်ရှု၏ စကားအား ကြားလိုက်ရသော လူတိုင်း၏ ရင်ထဲတွင် အနည်းငယ် လှုပ်ရှားသွားပြီး ဟူကျူရှင်းအား စိုက်ကြည့်မိကြသည် ။ သို့ သော်လည်း ဟူကျူရှင်းသည် ထန်ရှု၏ သန်မာအဖြေလွှာအား စစ်ဆေးပြီး စဉ်ကပင် အသိစိတ် ကင်းမဲ့နေသူပမာ ကြောင်တောင်တောင် မျက်ဝန်း များ ဖြင့် ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်နေခဲ့ပြီး ဘယ်သူဘာပြော ပြော မသိသကဲ့သို့ ရှိနေခဲ့သည် ။

"ထန်ရှု ... ဆရာဟူရဲ့ သဘောထားက နင့်အပေါ် နည်းနည်းလွန်တ ယ် ဆိုပေမယ့်လည်း သူက နင့်ကို အရမ်း မျှော်လင့်ထားခဲ့မိလို့ ဒီလိုတွေ လုပ်မိတာပါ။ သူ အထင်အမြင် လွဲခဲ့တယ်ဆိုတာ သိနေပြီဆိုတော့ နင့် ကို အားနာနေပါပြီ။ ဆရာဟူကို အခက်တွေ့အောင် မလုပ်နဲ့ တော့နော်။ အဆင်ပြေတယ် မဟုတ်လား" ကျောက်ရပ်ကြီး ဟူကျူရှင်းအား ကြည့် လိုက်ပြီး ဟန်ကျင်းဝူ စိတ်မကောင်း ဖြစ်သွားကာ ဟူကျူရှင်းအတွက် ထန်ရှုအား တောင်းဆိုပေးလိုက်သည် ။

ရုံးခန်းထဲရှိ လူများ သည် ဟန်ကျင်းဝူမှ ဟူကျူရှင်း အတွက်

တောင်းဆို ပေးလိမ့်မည်ဟု မမျှော်လင့် ထားကြသော်လည်း သူမက ပ ထမဆုံး တောင်းဆိုပေးခဲ့သူ ဖြစ်ခဲ့သည် ။ သည် တစ်ကြိမ်တွင် တော့ သူ တို့ အားလုံးသည် ဟန်ကျင်းဝူအား ချစ်ခင် လေးစားသော အကြည့်တို့ ဖြင့် ကြည့်မိကြသည် ။

ဟူကျူရှင်းသည် အချိန်တိုင်း နေရာတိုင်း ဟန်ကျင်းဝူအား အမြဲ လှောင်ပြောင် သရော်နေခဲ့သည် ကို ထိုသူများ သေသေချာချာ သိထား ကြသည် ။ သူတို့ ကိုသူတို့ ဟန်ကျင်းဝူကဲ့သို့ လုပ်နိုင်ပါမည်လားဟု ရိုး သားစွာ မေးမြန်းကြည့်ရာ သူမကဲ့သို့ စိတ်ထား မထားနိုင်ကြောင်း ကောန်မုချ သိနေပေသည် ။

"အဲ့ဒါဆိုလည်း ဆရာမဟန်နဲ့ ပဲ အကုန်လွှဲ ထားခဲ့ပြီနော်။ ကျောင်း အုပ်ကြီးနဲ့ ဆရာများ ခင်ဗျား တခြားအထွေအထူး မရှိတော့ဘူးဆိုရင် ကျွန်တော် စာသင်ခန်းကို ပြန်သွားပါတော့မယ်" ထန်ရှု၏ စစ်ဆေးမှု ပြီးဆုံးပြီ ဖြစ်သောကြောင့် ထန်ရှုသည် ဟူကျူရှင်းအား သူနှင့် ပြုလုပ် ထားသော အငြင်းအခုံအား မမေ့စေရန် ရည်ရွယ်ချက်ရှိရှိ သတိပေး လိုက်ခြင်း ဖြစ်သည် ။ ထို့နောက် ရှုံးနိမ့်နေပြီးသော လူတစ်ယောက်အား ထပ်မရိုက် ချင်တော့သောကြောင့် ထန်ရှုသည် စာသင်ခန်းသို့ ပြန်တော့ မည်ဖြစ်သည် ။

"ကျောင်းသား ထန်ရှု ... ငါ မေးခွန်းတစ်ခုလောက် မေးလို့ ရမလား ။ မင်းရဲ့ လုပ်ဆောင်ချက်က ဒီလမှာ အမြင့်ဆုံးအထိ တိုးတက်ခဲ့တယ်။ အရင်တုန်းက မကျနေခဲ့ဘူး မဟုတ်လား" ထန်ရှု တံခါးပေါက်မှ ထွက် တော့မည့် ဆဲဆဲတွင် ဝေ့ကျန်တိုက်သည် ရုတ်တရက် မေးလိုက်သည် ။

"ကျောင်းအုပ်ကြီး ... ဒီမေးခွန်းက တအား အရေးကြီးလား" ထန်ရှု သည် သူ၏ ခြေလှမ်းအား ရပ်လိုက်ပြီး မသဲကွဲသော အပြုံးတစ်ခုဖြင့်, "

ဒီပြဿနာကို အာရုံစိုက်တာထက် သာမန်အမှတ်နဲ့ ကျောင်းသားတွေကို အာရုံစိုက်သင့်တယ်။ နှစ်တိုင်း တတိယနှစ် ကျောင်းသား တစ်ထောင်နီးပါး ရှိတယ်။ ကျွန်တော်တို့ သာ ပြန်ပြီး အကဲဖြတ်မယ် ဆိုရင် ဒါဇင်များစွာသော နည်းပါးတဲ့ ကျောင်းသားတွေသာလျှင် တက္ကသိုလ်ကို ဝင်နိုင်တော့မည် ဆိုရင် ကျောင်းအုပ်ကြီး ဘယ်လိုထင်လဲ"

စကားဆုံးသည် နှင့် ထန်ရှုသည် ဝေ့ကျန်တိုက်အား စကားပြောခွင့်ပင် မပေးတော့ဘဲ ချာကနဲ လှည့်ကာ ထွက်ခွာလာခဲ့သည် ။

ရုံးခန်းထဲတွင် အချိန်အတန်ကြာသည့် တိုင်အောင် တိတ်ဆိတ်ငြိမ်သက် နေခဲ့ပြီးမှ ဝေ့ကျန်တိုက်သည် သက်ပြင်းတစ်ချက် ချလိုက်သည် ။ သူ၏ နဂိုမူလက ဖြောင့်တန်းနေသော ခါးသည် ကုန်းသွားသယောင် ဖြစ်ပြီး သူ၏ မျက်နှာပေါ်၌ လည်း နောင်တရမှု အချို့ ဖြစ်ပေါ်နေပေသည် ။ ထို့အတူ အခြားဆရာ များ သည် လည်း အတွေးများ နက်ရှိုင်းနေသကဲ့သို့ ရှိနေကြပေသည် ။

***